ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့၊ (20-4-2006)(၄၉၃၃)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၉

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ကျင်းပသည့် ရန်ကုန်–ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ကျောက်ဖြူတပ်နယ် အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊အရာခံ၊ အကြပ်၊ စစ်သည် များနှင့် မိသားစုများအား တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမ ရှင်းလင်းမှာကြား သည်။



### လမ်းညွှန်မှာကြား

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဖြည့်စွက် လမ်းညွှန် မှာကြားပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် သံတွဲမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၉ နာရီတွင် ရဟတ်ယာဉ်များဖြင့် သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ တောင်ကုတ်မြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### တွေ့ဆုံ

ထို့နောက် တောင်ကုတ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် တည်ဆောက်ရေး၊ တပ်တည်ဆောက်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်း ပြောကြားသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သူငွေးရေအားလျှပ်စစ်စီမံကိန်း ရေလှောင်တမံ တည်ဆောက်မည့်နေရာနှင့် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



## သူငွေးရေအားလျှပ်စစ် စီမံကိန်းရည်ရွယ်ချက်

☆ မဟာဓာတ်အား လိုင်းစနစ်နှင့် ဆက်စပ် တည်ဆောက်၍ ရခိုင် ပြည်နယ် အတွင်းရှိ ဒေသအသီးသီးနှင့် ကျန် ဒေသများသို့ပါ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးရန်။

☆ ရေလှောင်တမံ တည်ဆောက်ထိန်းသိမ်း သိုလှောင်ထားခြင်းဖြင့် ဒေသတွင်းရေကြီးမှုကို ကာကွယ်ရန်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၂၀-၄-၂၀၀၆
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်မှုခိုင်မာအောင် ကြိုးပမ်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု ပိုမိုတိုးတက်အောင် စွမ်းဆောင်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ကောင်းမွန်တိုးတက်ပြည့်စုံလာစေရန် အစီအမံများ ချမှတ်အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ တံတားများကို လက်ယှက်ထိုးဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ရေမြေခြားနေသည့် ဒေသများ တစ်ဆက်တစ်စပ်တည်း ရှိလာပြီး ပြည်သူများ ကူးသန်း ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ရုံမျှမက တိုင်းရင်းသားအချင်းချင်းလည်း ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုများ ပိုမိုရရှိလာပြီဖြစ်သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်ဘူတာနှင့် သံလွင်တံတား(မော်လမြိုင်)ရထားတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁၇ ရက်နေ့က ကျင်းပခဲ့သည်။ သံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်ပြီး မော်တော်ကားလမ်းအနေဖြင့် နှစ်မိုင်ကျော်၊ ရထားလမ်းအနေဖြင့် လေးမိုင်ကျော်ရှည်လျားကာ လူသွားလမ်းပါ ထည့်သွင်း တည်ဆောက်ထားသည့်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအတွက် အထူးအရေးပါသော တံတားကြီးဖြစ်သည်။

အဆိုပါ တံတားကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် မွန်ပြည်နယ်၊ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် တစ်ဆက်တစ်စပ်တည်းဖြစ်လာကာ တစ်နိုင်ငံလုံး ဖောက်လုပ်ထားသော မော်တော်ကားလမ်း၊ ရထားလမ်းစသည့် ပြည်ထောင်စုလမ်းမကြီးများမှတစ်ဆင့် လွယ်ကူစွာ ကုန်စည်ကူးသန်းဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

အထူးသဖြင့် မြန်မာပြည်မြောက်ဖျားတွင်ရှိသော ပူတာအိုမြို့မှ မြန်မာနိုင်ငံတောင်ဘက်အစွန်းတွင်ရှိသော ကော့သောင်းမြို့အထိ ပြည်ထောင်စုလမ်းမကြီးကို အသုံးပြု၍ မော်တော်ယာဉ်ဖြင့် တိုက်ရိုက်သွားနိုင်သကဲ့သို့ ယခုဖွင့်လှစ်လိုက်သည့် သံလွင်တံတား(မော်လမြိုင်) ရထားတံတားကိုအသုံးပြုပြီး ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ တနင်္သာရီတိုင်း ထားဝယ်မြို့အထိ မီးရထားဖြင့် တောက်လျှောက်ခရီးသွားနိုင်တော့မည် ဖြစ်သည်။

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း လမ်းသစ်၊ တံတားသစ်များစွာကို တိုးချဲ့ဖောက်လုပ် တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ မွန်ပြည်နယ်မှ ဒေသခံပြည်သူများလည်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့မှု၏ အကျိုးရလဒ်ကောင်းများ ရရှိခံစားနေကြရပြီဖြစ်သည်။ အထူးသဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ပြဆက်သွယ်သည့် လမ်းများကြောင့် ကုန်စည်စီးဆင်းမှုပိုမိုကောင်းမွန်လာကာ မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်းတစ်ထောင်ကျော်မှ ကျေးလက်ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝများပါ တိုးတက်မြင့်မားလာလျက်ရှိသည်။

နိုင်ငံတော်၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသည့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းမှာ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုတို့ကြောင့် ဖြစ်သည်။ ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို မလျော့ပါးစေဘဲ စဉ်ဆက်မပြတ် တိုးတက်နေစေရန် ပြည်သူတိုင်းက ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို ထူထောင်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆအားထုတ်မှု အခြေခံများဖြင့် ပေါင်းစည်း၍ ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်လျက်ရှိချိန်တွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နိုင်ငံချစ်စိတ်နှင့် စည်းလုံး ညီညွတ်မှုခိုင်မာသည်ထက် ခိုင်မာအောင် ကြိုးပမ်းရင်း နိုင်ငံတစ်ဝန်းရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်အောင် တက်ညီလက်ညီ စွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီး ဦးညဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

**အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း ဥဘတ်၌ ဧပြီ ၁၉ရက်မှ ၂၀ရက်အထိ ကျင်းပမည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းသည် ရန်ကုန်မြို့မှ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးအား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးခင်ဇော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်လင်းနှင့် အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးတို့ပါဝင် တက်ရောက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

# ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း ဖွင့်မည်

**ရန်ကုန် ဧပြီ ၁၉**

ဒေါပုံမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကြီးက ကြီးမှူး၍ တတိယအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဧပြီ ၂၃ရက်မှ မေ ၂၁ရက်အထိ ဒေါပုံမြို့နယ် ဓမ္မာရုံကြီး၌ နံနက် ၇နာရီမှ ၈နာရီခွဲအထိ နေ့စဉ် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သဖြင့် သင်တန်းတက်ရောက်လိုသူများ သာသနဝံသကျောင်းတိုက် မြို့သစ်ရပ်ကွက် ဒေါပုံမြို့နယ်နှင့် ဦးဝင်းဇော် အမှတ်(၈၂/ခ)၊ မင်္ဂလာသီရိလမ်း မြို့သစ်ရပ်ကွက် ဒေါပုံမြို့နယ် ဖုန်း ၀၉-၅၁၃၂၈၀၂ တို့သို့လည်းကောင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

**လှိုင်မြို့နယ် ဆပ်ပြာစက်ရုံ(၂) ဝင်းနေ ဗိုလ်ကြီးလှဝင်း(ငြိမ်း)-ဒေါ်တင်တင်ခိုင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးတင်မောင်ဝင်းလက်ခံယူစဉ်။**
(က-ပ)



# ဒုတိယဝန်ကြီးဦးကျော်သူနှင့် အဖွဲ့ဝင်များ ဆွေးနွေးပွဲတက်ရောက်ရန် တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာချန်းကျန်း၏ ဖိတ်ကြားချက်အရ မြန်မာ-တရုတ်နှစ်နိုင်ငံ သစ်တောနှင့်သတ္တု ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်ဖက်ကုန်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။ (သတင်းစဉ်)



# ကုန်သည်/ စက်မှုအသင်းချုပ်အမှုဆောင် သင်တန်းတက်ရောက်ရန် တိုကျိုမြို့သို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အမှုဆောင် ဦးတင်မြင့်၊ ဦးကျော်သူ ရလှိုင် (ဝန်ထမ်း)တို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ပြုလုပ်မည့် “Training Program on Commecial Arbitration for Asian Countries” သင်တန်းသို့ တက်ရောက်ရန်အတွက် ဧပြီ ၁၅ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**
(သတင်းစဉ်)

# အသက်ရှည်စွာ အနာမဲ့ရေး (၁၄)

ဒေါက်တာ လှခင်ကို

"ဦးလေးချော၊ ဦးလေးစံမောင်၊ ဦးလေးချစ်တို့ တစုတဝေးလာကြတာ အကြောင်းတော့ ထူးပြီထင်ပါတယ်။ ကျွန်တော် ဘယ်လိုကဏ္ဍက ပါဝင်ဆောင်ရွက်ပေးရမလဲခင်ဗျ"

"ဒီလိုပါဆရာ၊ ကျွန်တော်တို့ သူပြောငါပြောမရေမရာ သတင်းတွေ ကြားလာလို့ ဆရာများ ပိုပြီး ရေရေရာရာ ရှင်းပြနိုင် မလားလို့ပါ"

"ဟုတ်ကဲ့ ဆိုပါဦးခင်ဗျ"

"ဆရာသာဂဒိုးရေးတဲ့ စူလာနဖာအကြောင်းပါဆရာ။ အဲဒါ ပြုတ်သောက်တဲ့ လူတချို့ သွေးပေါင်ကျပြီး ဆေးရုံရောက်လာတာတို့၊ သွေးဝမ်းတွေသွားပြီး ဆေးရုံရောက်တာတို့ ကြားနေရတယ်၊ အဲဒါ ဟုတ်ပါသလား ဆရာ"

"ကျွန်တော်လဲ ကြားတော့ကြားပါတယ်၊ မျက်မြင်ကိုယ်တွေ့တော့ မဟုတ်ပါဘူး။ ဒီလိုပဲစကားဆိုတဲ့ ဝေါဟာရအတိုင်း 'ကား' တတ်ကြပါတယ်။ ဆရာသာဂဒိုး စာထဲမှာလဲပါသားပဲ၊ သူ့ဇနီး တိုက်ကြည့်တော့ ဆီးအရောင်မည်းတဲ့ အကြောင်း၊ တစ်လခွဲကြာတော့ ဖြူလာကြောင်းနဲ့ သူ့မိတ်ဆွေ သောက်တော့လဲ ဝမ်းမည်းမည်းတွေ သွားကြောင်း၊ ခန့်မှန်းကြည့်ရင် ဒါတွေဟာ ဆီးထဲသွေးပါလို့ မည်းတာ၊ ဝမ်းသွားတဲ့ထဲ သွေးပါလို့ မည်းတာဖြစ်နိုင်တဲ့ လက္ခဏာတွေပါ။ သို့သော် တစ်လကျော်ကြာတော့ ဘာမှမဖြစ်ဖူး ဆိုပြန်တော့လဲ ခန့်မှန်းရခက်သွားပြန်ရော...ခင်ဗျ"

"ရေဖျဉ်းရောဂါ ပျောက်တာတို့၊ ကင်ဆာရောဂါပျောက်တာတို့လဲ ရေးထားတယ်ဆရာ၊ ဟုတ်ပါ့မလား။ ကျွန်တော်တို့ကော သောက်ကြည့်လို့ရမလား" ဟု ဦးလေးချစ်က မေးပါသည်။

"ဦးလေးတို့ရဲ့ အမေးကိုဖြေတဲ့အနေနဲ့ 'ကာလမသုတ်'အကြောင်း ပြန်ဆွေးနွေးကြည့်ရအောင်ပါခင်ဗျာ။ မြတ်စွာဘုရား 'ကာလမနိဂုံး' ရောက်တော့ ရွာသူရွာသားတွေက မေးကြတယ်မဟုတ်လား။ငါ့ရှင်ဂေါတမ၊ ယခင်ဆရာကြီးများကလဲ ပြောခဲ့၊ ဟောခဲ့တာတွေများပြီ။ သူများပြောတာ မယုံနဲ့၊ ငါပြောတာသာ ယုံလို့ဆိုတော့ ဆိုကြတာချည်းပဲ။ ငါ့ရှင်ကရော ဘာတွေပြောလို့၊ ဘာတွေ ဟောဦးမှာလဲ၊ ဘာတွေ ယုံရမှာလဲတဲ့။

"ဒီတော့ မြတ်ဗုဒ္ဓက မိတ်ဆွေတို့ ရှေးဟောင်းအစဉ်အလာလို့ ပြောကြ၊ ဆိုကြတိုင်းလဲ မယုံပါနဲ့၊ စာပေကျမ်းဂန် အရေးအသားရှိတယ်လို့ ပြောတိုင်းလဲမယုံပါနဲ့၊ ဆရာသမား ဘိုးဘွားမိဘလက်ထက်က ပြောခဲ့တဲ့ စကားဆိုလို့လဲ မယုံပါနဲ့လို့ မိန့်ကြားတဲ့အခါ ကာလမရွာသားများက ဒါဆို ဘယ်လိုဟာမျိုးကို ယုံရမှာလဲလို့ မေးတော့ ကြားရတဲ့စကားအားလုံးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်ပြီးမှ ယုံကြပါ။ ဥပမာ... လောဘ, ကောင်းသလား၊ ဒေါသ,ကောင်းသလား၊ မောဟ,ကောင်းသလား ဆိုပြီး မေးတယ်မဟုတ်လား။ ဦးလေးတို့ အားလုံး သိပြီးသားတွေပါ။ လေးလေးနက်နက် စဉ်းစားချင့်ချိန်စေချင်လို့ ထည့်ပြောပေးရတာပါ"

"ဒါဆို စူလာနဖာက မကောင်းဘူး။ ဆေးဖက်မဝင်ဘူး။ အန္တရာယ်များတယ်ပေါ့"

" အဲဒီလိုလဲ မဟုတ်ပါဘူးခင်ဗျာ၊ **သစ်ပင်တိုင်းမှာ သူ့အစိတ်အပိုင်းနဲ့သူ ဆေးဖက်ဝင်နေကြတာပါပဲ။ အန္တရာယ်ဆိုတာကတော့ ဘယ်ဆေးဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့ ခေတ်အဆက်ဆက် လက်သုံးစကား ရှိခဲ့တယ်မဟုတ်လား။ ဘယ်ရွေ့ဘယ်မျှ သောက်ပါလို့ အချိန်အဆကို တတ်သိနားလည်တဲ့ ဆေးပညာရှင်က မညွှန်းဘဲနဲ့ ကိုယ်သောက်ချင်သလို စီမံသောက်မယ်ဆိုရင် သောက်တဲ့သူဟာ မျက်ကန်းတစ္ဆေ မကြောက်ဆိုသလို မိမိကိုယ်ကို မညှာတာရာ ရောက်မှာပေါ့"**

"ဟုတ်ပါပြီဆရာရယ်၊ ကျွန်တော်တို့က ဆရာ့အမြင်နဲ့ ဆွေးနွေးချက်ကလေး နားထောင်ရအောင် လာတာပါ" ဟု ဦးစံမောင်က ဝင်ပြောပါသည်။

"ကျွန်တော့်အမြင် မဟုတ်ပါဘူး။ စိတ်ဝင်စားလို့ ရှာဖွေမှတ်သားထား တာလေးတွေ ပြောပြပါ့မယ်။ ဒီစူလာနဖာကို ရုက္ခဗေဒအမည် Oldenlandia Corybosa လို့ခေါ်ပြီး လမ်းဘေးတွေမှာ အုတ်ကြား၊ ကျောက်ကြားပေါက်တဲ့ အပင်ငယ်မျိုးဖြစ်ပါတယ်။ အပူပိုင်းဇုန်တွေမှာ ပေါက်ရောက်လေ့ရှိရာမှာ မြောက်အမေရိကအလယ်ပိုင်း၊ တောင်အမေရိကမြောက်ပိုင်း၊ မက္ကဆီကိုနိုင်ငံ၊ အနောက်အိန္ဒိယကျွန်းစု၊ အနောက်တောင်အမေဇုန်ချိုင့်ဝှမ်း၊ အလယ်ပိုင်းအမေဇုန်ချိုင့်ဝှမ်း၊ ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၊ အိန္ဒိယ၊ တရုတ်၊ မြန်မာနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာ တွေ့ရပါတယ်။

"တရုတ်နိုင်ငံမှာ ရှေးအကျဆုံးဆေးပင်တစ်မျိုးအဖြစ် စာရင်းဝင်ခဲ့ရာမှာ အခုအထိ လူသုံးများဆဲပါပဲ။ တရုတ်လို "ဘိုင်ဟွာရှီရှီကအို" (Bai Hua She She Cao) လို့ ခေါ်ကြတာကတော့ "ရှီ"ဆိုတာ မြွေကိုခေါ်တာပါ။ "ဘိုင်ဟွာ"ဆိုတာကတော့ ကျောကုန်းတွင် "ပန်းပွင့်သဏ္ဌာန်" အကွက်ရှိသောဆိုတဲ့ အနက်အဓိပ္ပာယ်ပါ။ မြန်မာလို ပြန်ရင်တော့ (မြွေပွေး)နဲ့ ဆီလျော်ပါတယ်။ ဒီအပင်ရဲ့ အရွက်ဟာ သေးသေးရှည်ရှည်နဲ့ မြွေရဲ့လျှာနဲ့တူတော့ ရှီကာအို(Shecao)လို့ တရုတ်လို ခေါ်ခြင်းပါ။



စူလာနဖာပင်ကို တွေ့မြင်ရစဉ်။

"တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်နဲ့ ဖူကျိယန် ပြည်နယ်များမှာ အများဆုံးတွေ့ရပြီး Oldenlandia diffusa, Oldenlandia corymbosa ဆိုပြီး မျိုးကွဲတွေရှိကြပါတယ်။ အထူးဆေးအသုံးများကတော့ မြွေပွေးကိုက်ခြင်း၊ အသည်းကင်ဆာ၊ (Sarcoma)ခေါ် ကင်ဆာမျိုး၊ သွေးကင်ဆာများ၊ သွေးစုနာ၊ ဖက်ခွက်နာများနဲ့ အပူငြိမ်းဆေးအပြင် သွေးအားကောင်းစေဖို့ တရုတ်နိုင်ငံမှာ သုံးကြပါတယ်"

"အဆိပ်အတောက်ဖြစ်စေတဲ့သဘောနဲ့ ဘေးထွက်ဆိုးကျိုးရှိလား ဆရာ"

"မရှိပါဘူး ဦးလေးစံမောင်ခင်ဗျ။ The herb is bitter, neutral, nontoxic and use to clear heat, remove toxin and alleviate pain လို့ ရေးထားပါတယ်"

"ကမ္ဘာမှာ ဒီအပင်အတွက် သုတေသနတွေကောလုပ်ထားကြပြီလား ဆရာ"

"လုပ်နေတာတွေတွေ့ရပါတယ်။ သုတေသနတစ်ခုက စမ်းသပ်တာကတော့ ကင်ဆာကျိတ်တစ်ခုကို ကြွက်ပေါ်မှာ ဖြစ်စေပြီး ပြင်းအားမြင့်ဆေးဖျော်ရည် တစ်မီလီဂရမ် ထိုးသွင်းပေးတာ ထူးခြားမှုမရှိဘူးလို့ ဆိုပါတယ်။

"အခြား သုတေသနဌာနတစ်ခုကတော့ အသည်းကင်ဆာဆဲလ် ပြန့်ပွားမှု ကိုတော့ ဟန့်တားတာတွေ့ရတယ်တဲ့။ ပြင်းအားမြင့်ဆေး

**သစ်ပင်တိုင်းမှာ သူ့အစိတ်အပိုင်းနဲ့သူ ဆေးဖက်ဝင်နေကြတာပါပဲ။ အန္တရာယ်ဆိုတာကတော့ ဘယ်ဆေးဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့ ခေတ်အဆက်ဆက် လက်သုံးစကား ရှိခဲ့တယ်မဟုတ်လား။ ဘယ်ရွေ့ဘယ်မျှသောက်ပါလို့ အချိန်အဆကို တတ်သိနားလည်တဲ့ ဆေးပညာရှင်က မညွှန်းဘဲနဲ့ ကိုယ်သောက်ချင်သလို စီမံသောက်မယ်ဆိုရင် သောက်တဲ့သူဟာ မျက်ကန်းတစ္ဆေ မကြောက်ဆိုသလို မိမိကိုယ်ကို မညှာတာရာ ရောက်မှာပေါ့။**

ဖျော်ရည် တစ်မီလီဂရမ်ကို နေ့စဉ်ကိုးရက်ထိုးပေးတာ ဆဲလ်ပြန့်ပွားမှုကို ၅၇ဒသမ၄ရာခိုင်နှုန်း တားမြစ်တယ်လို့ တွေ့ရကြောင်း ရေးထားပါတယ်။

"Dr. Jiao Shude ရေးတဲ့ ( Ten lectures on the use of Medicinals) ဆိုတဲ့ စာအုပ်ထဲမှာတော့ ဒီအပင်ရဲ့ ပြုတ်ရည်ကို နေ့စဉ် ၃၀မှ၄၀ ဂရမ်သောက်ခြင်းဖြင့် ကင်ဆာမျိုးစုံကို ကုသနိုင်သည်လို့ ရေးထားပါတယ်။

"(Pharmacology and Application of Chinese Materia Medica) ဆိုတဲ့ စာအုပ်မှာတော့ ဒီဆေးဖက်ဝင်အပင်ပြုတ်ရည်ကို ကာစီးနိုးမား (ကင်ဆာ)ရောဂါအတွက် ၃၀မှ၆၀ဂရမ် သောက်သုံးရန် ညွှန်းဆိုသည်တဲ့။ (Chinese Medicinal Herbs of Hong Kong) ဆိုတဲ့ စာအုပ်ထဲမှာတော့ ဒီအပင်ရဲ့ပြုတ်ရည် ၆၀ ဂရမ်ကို အဆုတ်၊ အသည်းနှင့် အစာဟောင်းအိမ်ကင်ဆာဖြစ်စ လူများ အတွက် သောက်ရန် ထောက်ခံသည်လို့ ရေးထားပြန်ပါတယ်။

"(An Illustrated Guide to Anti-neoplastic Chinese Herbal Medicine)မှာ ဒီ Oldenlandia အပင်ရဲ့ အာနိသင်အနေနဲ့ ချို၏။ အနည်းငယ်ခါး၏။ အေး၏။ မျှတစေ၏။ အပူနှင့်အဆိပ်ကို ငြိမ်းစေ၏။ သွေးအားကောင်းစေ၏။ သွေးလည်ပတ်မှုကို အားပေး၏။ ဆီးရွှင်စေ၏။ ဆီးလမ်းကြောင်းပိတ်ဆို့ခြင်းကို ပြေစေ၏လို့ ရေးထားပါတယ်။

"ဆေးအညွှန်းအနေနဲ့ကတော့ အလုံးအကျိတ်အခဲများကို ကြေစေ၏။ အထူးသဖြင့် အစာအိမ်အူလမ်းကြောင်းတစ်လျှောက် ကင်ဆာများ၊ အသည်းကင်ဆာ၊ အသံအိုးကင်ဆာ၊ လင်ဖိုဆာကိုးမားခေါ် ကင်ဆာများအတွက် သုံးသည်။ အသည်းရောင်၊ သည်းခြေအိတ်ရောင်၊ အဆုတ်ရောင်၊ ကျောက်ကပ်ရောင်နဲ့ မွေးကျွတ်နာအပြင် မြွေပွေးကိုက်လျှင် သုံးနိုင်သည်။ သောက်ရန် ပမာဏကတော့ နေ့စဉ် ဆေးပင်ပြုတ်ရည် ၆၀ ဂရမ်လို့ ရေးထားပါတယ်။

"အားလုံးခြုံလိုက်တော့ ဒီအပင်ဟာ ကင်ဆာရောဂါအတွက် အသုံးဝင်တယ်လို့ မှတ်ချက်ပြုနိုင်ပါတယ်ခင်ဗျာ။

"ဒီအပင်မှာ ပါဝင်တဲ့ (Oleanolic acid)ဆိုတဲ့ အက်ဆစ်ဟာ အဓိက ဓာတ်ဆောင်ပါပဲ။ ပုံသဏ္ဌာန်အားဖြင့်တော့ (Pentacyclic triterpenes) ဖြစ်ပါတယ်။ အရောင်ကို လျော့စေသည်။ အပူကို ငြိမ်းစေသည်။ အဆိပ်အတောက်ကို ဖယ်ရှားပေးသည်။ ကိုယ်ခံ စွမ်းအားကို တက်စေတဲ့အပြင် ကင်ဆာဆဲလ်ပွားခြင်းကို ဟန့်တားနိုင် သည်ဆိုတဲ့ အာနိသင်ရှိတယ်လို့ ဆိုထားပြန်ပါတယ်"

"ဆရာပြောသွားတဲ့ ဗဟုသုတတွေက တရုတ်နိုင်ငံက လေ့လာထားချက်တွေပေါ့နော်။"

"တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ရုက္ခဗေဒ ဥယျာဉ်က လေ့လာတွေ့ရှိချက်တွေပါ ဦးလေးချော။ ကျွန်တော်တို့ ရေမြေမှာရှိတဲ့ ဒီစူလာနဖာနဲ့အတူတူပဲပေါ့။ သစ်ပင်အမျိုးအစားချင်းတော့ အတူတူပါပဲခင်ဗျာ။

"ရေမြေသဘာဝ ရာသီဥတုခြားလို့ ပါဝင်တဲ့ ရုက္ခဓာတုပစ္စည်း ပါဝင်မှု အချိုးအစား ကွာခြားနိုင်ပေမယ့် အခြေခံ အာနိသင်ကတော့ တူမှာပါ"

"ကျွန်တော်တို့နိုင်ငံမှာကော ဒီအပင်အတွက် သုတေသန လုပ်နိုင်ရင် သိပ်ကောင်းမှာပဲနော်ဆရာ"

ဟုတ်တယ်။ သက်ဆိုင်ရာဌာနတွေက လုပ်နေကြမှာပါ။ သုတေသနလုပ်တယ်ဆိုတာလဲ အချိန်ယူလုပ်ရတဲ့လုပ်ငန်းတစ်ခု ဖြစ်ပါတယ်ခင်ဗျာ"

"ဆရာဆွေးနွေးတဲ့ ဗဟုသုတနဲ့ဆိုရင် ကင်ဆာရောဂါနဲ့ မြွေပွေးကိုက်ရင် သေချာပေါက် သုံးလို့ရမှာပေါ့နော်"ဟု ဦးလေးစံမောင်က အားတက်သရော မေးပါသည်။

"မြွေဆိပ်ဖြေဆေးမရှိတဲ့နေရာ ဒေသမှာ၊ ဒါမှမဟုတ် မြွေဆိပ်ဖြေဆေး မထိုးနိုင်သေးခင်မှာ သောက်ထားရင်မမှားပါဘူး။ မြွေဆိပ်ဖြေဆေးကို မြွေကိုက်ပြီး တစ်နာရီအတွင်း ထိုးနိုင်ရင် လူ့အသက်ကို ၉၅ရာခိုင်နှုန်း ကယ်တင်နိုင်တာမို့ ရှေးဦးသူနာပြုစုနည်းနဲ့ မြွေဆိပ်ဖြေဆေးကို စောနိုင်သမျှစောအောင် ထိုးဖို့ လိုပါတယ်ခင်ဗျာ။ ကင်ဆာဝေဒနာရှင်များအတွက်တော့ အနောက်တိုင်း ဆေးပညာနည်းနဲ့ခွဲစိတ်ခြင်း၊ ဆေးသွင်းခြင်း၊ ဆေးစားခြင်း၊ ဓာတ်ကင်ခြင်း အမျိုးမျိုးလုပ်နိုင်ပါတယ်။ အဲဒီလို ကုသနေတဲ့အခိုက်မှာဘဲ ဒီစူလာနဖာ ပြုတ်ရည်ကို အချိန်အဆမှန်မှန် သောက်ပေးမယ်ဆိုရင် အကျိုးရှိပါလိမ့်မယ်။

"ဒါ့အပြင် ကာလမနိဂုံးရွာမှာ မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ကာလမသုတ်ပါ အချက်အလက်များအတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်လုပ်ဆောင်သွားရင် လောကီလောကုတ် အကျိုးများပြီး အသက်ရှည်စွာ အနာမဲ့ရေး ဆေးတစ်ခွက်ဖြစ်ကြောင်းပါ ဦးလေးတို့ ခင်ဗျာ"

"ဆရာရှင်းပြတော့မှ ကျွန်တော်တို့ လိပ်ခဲတည်းလည်း ဖြစ်နေတာတွေ ရှင်းသွားပါတယ်။ ကျေးဇူးတင်ပါတယ်ဆရာ"။ ။

# တောင်ကိုရီးယားနှင့် တရုတ် ပင်လယ်ရေကြောင်းထောက်ပံ့ရေးဌာန တည်ထောင်မည်

ဆိုးလ် ဧပြီ ၁၈

**တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးမြှင့်တင်ဆောင်ရွက်ရန် ပင်လယ်ရေကြောင်း ထောက်ပံ့ရေး ဌာနများ တည်ထောင်ရန် သဘောတူညီခဲ့သည်ဟု တောင်ကိုရီးယား တာဝန်ရှိသူများက ဧပြီ ၁၇ ရက်တွင် ပြောကြားခဲ့ သည်ဟု ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။**

တောင်ကိုရီးယားနိုင်ငံ အနောက်ပိုင်း ဆိပ်ကမ်းမြို့ ဖြစ်သော အင်ချွန်မြို့နှင့် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျန်ဒါဘိုမြို့တို့တွင် ပင်လယ်ရေကြောင်း ထောက်ပံ့ရေး ဌာနဖွင့်လှစ်ရန် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို ဧပြီ ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ မြို့နှစ်မြို့တွင် ကုန်သွယ်ရေးထုတ်ကုန်များ သယ်ယူပို့ဆောင်ရန်နှင့် သိုလှောင်ထားရေးဆောင်ရွက်ရန် အတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း တောင်ကိုရီး ယား တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။

အန်ချီအွန်မြို့၌ စတုရန်းမီတာ ၁၀၅၆၀၀ အကျယ် အဝန်းတွင် ပင်လယ်ရေကြောင်း ထောက်ပံ့ရေးဌာနကို နောက်နှစ်တွင် တည်ထောင်ပြီး၊ ထိုတည်ထောင်မှုအတွက် အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၉၆ သန်းခန့် ရင်းနှီးမြှုပ်နှံ မည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့ သည်။ တစ်ချိန်တည်းမှာ တရုတ်အစိုးရသည် ထိုဌာနကို ၂၀၀၈ ခုနှစ်တွင် ဖွင့်လှစ်ရန်ရည်ရွယ်ထားကြောင်း ယွန်ဟပ် သတင်းဌာနက ဖော်ပြခဲ့သည်။

အင်ချွန်ဆိပ်ကမ်းမြို့သည် ဆိုးလ်မြို့ အနောက်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိပြီး၊ တရုတ်နိုင်ငံသို့ ဦးတည် နေသော တောင်ကိုရီးယားကျွန်းဆွယ် အနောက်ဘက် ပင်လယ်ကမ်းခြေ၏ အချက်အချာအကျဆုံးဖြစ်သော နေရာ တွင်ရှိကြောင်း ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မာရာပီမီးတောင်မှ ချော်ရည်နှင့် မီးခိုးများထွက်နေသည်ကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံအင်တာနက်)*

# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ မီးတောင် ပေါက်ကွဲမည့်အန္တရာယ်ရှိ ချော်ရည်ပူနှင့် မီးခိုးများထွက်လာ၍ လူများကို ရွှေ့ပြောင်းရန် စီစဉ်

ဂျကာတာ ဧပြီ ၁၈

**အင်ဒိုနီးရှားနိုင်ငံမှ လူဦးရေထူထပ်သည့် ဂျာဗားကျွန်း၏ အလယ်ပိုင်းနေရာရှိ မီးတောင်မှ ချော်ရည်ပူနှင့် မီးခိုးများ အလိပ်လိုက်ပေါ်ထွက်ခဲ့ပြီးနောက် အင်ဒိုနီးရှားအစိုးရက ထောင်ချီရှိသည့် ရွာသားများကို ဘေးကင်းသော နေရာသို့ ရွှေ့ပြောင်းရန် စီစဉ်နေကြကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။**

ရှေးဟောင်း ဂျော့ဂျကာတာမြို့မှ မြင်နေရသည့် မာရာပီမီးတောင်ကို အာဏာပိုင်များက ဒုတိယအစိုးရိမ် ရဆုံးအဆင့်တွင် သတ်မှတ်ထားသည်။ ယင်းဒေသတွင် မီးတောင်အကြိမ် ကြိမ် လှုပ်ရှားခဲ့ပြီးနောက် မီးတောင်ပေါက် ကွဲမည့်အလားအလာရှိသဖြင့် ထိုသို့ သတ်မှတ်ခဲ့ခြင်းဖြစ် သည်။

ပြင်းထန်သည့်မီးတောင် အကြိမ်ကြိမ် လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပြီး ချော်ရည် များ ပန်းထွက်ခဲ့သဖြင့် မာရာပီ မီးတောင်၏ အနေအထားသည် စိုးရိမ်ရ သည့် အခြေအနေအဆင့် သတ်မှတ်ခဲ့ ခြင်းဖြစ်သည်ဟု မီးတောင် ပညာရှင် ဒါလီအာမက်က ပြောကြားသည်။

ဂျော့ဂျကာတာမြို့အနီးရှိ မာရာပီ မီးတောင် ဆင်ခြေလျှောတွင် နေထိုင် သည့် ရွာသားများကို ပြောင်းရွှေ့ရန် အတွက် စစ်ဘက်က ထရပ်ကားနှင့် ဘတ်စ်ကား ၂၀၀ ကျော် ဖြန့်ကြက် ချထားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ၁၉၉၄ခုနှစ်က အဆိုပါ မီးတောင် နောက်ဆုံး ပေါက်ကွဲခဲ့သဖြင့် လူ ၆၀ ကျော် သေဆုံးခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

## စင်ကာပူ၏ ပြည်ပပို့ကုန် မတ်လအတွင်း မြင့်တက်လာခဲ့

**စင်ကာပူ ဧပြီ ၁၉**

စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သည့် ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာမှ ရရှိခဲ့ သည့် ဝင်ငွေပမာဏသည့် ၂၀၀၆ ခု မတ်လအတွင်းတွင် စင်ကာပူ ဒေါ်လာ ၁၅ ဒသမ ၀၁ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉ ဒသမ ၃၄ ဘီလီယံခန့်)ဖိုး အထိရှိခဲ့ရာ ယမန်နှစ် အလားတူကာလကရှိခဲ့သည့် ပမာဏ ထက် ၁၇ ရာနှုန်း မြင့်မားလာခဲ့ခြင်းဖြစ် သည်။

အီလက်ထရွန်းနစ် ပစ္စည်းများကို ပြည်ပသို့ လွန်ခဲ့သည့်နှစ် မတ်လ အတွင်းက တင်ပို့ခဲ့သည့် ပမာဏ သည် ၁၆ ရာနှုန်းအထိ မြင့်မားလာခဲ့ပြီး အီလက်ထရွန်းနစ်မဟုတ်သည့် ပစ္စည်း များ ပြည်ပသို့ တင်ပို့မှုပမာဏသည် အလားတူကာလအတွင်း ၁၇ ရာခိုင်နှုန်း အထိ မြင့်မားလာခဲ့သည်ဟု နိုင်ငံတကာ စင်ကာပူလုပ်ငန်းက တနင်္လာနေ့တွင် ထုတ်ပြန်သည့် စာရင်းဇယားများအရ သိရှိရသည်။

ရေနံမဟုတ်သည့် ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် မတ်လ အတွင်း ၁၆ ရာခိုင်နှုန်းမြင့်မားလာခဲ့ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂသို့ တင်ပို့ မှုသည် ၁၅ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး တိုးမြင့်လာခဲ့ သည်ဟု ဆိုသည်။

စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှု တစ်ရပ်လုံးသည် မတ်လတွင် ၁၆ ရာနှုန်း မြင့်တက်လာခဲ့ပြီး စင်ကာပူ ဒေါ်လာ ၆၉ ဘီလီယံ (အမေရိကန် ဒေါ်လာ ၄၃ ဘီလီယံခန့်)အထိ ရှိခဲ့ သည်ဟု ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရန် နျူကလီးယားအစီအစဉ် ငြိမ်းချမ်းစွာအသုံးပြုမည်ဟုဆို

**ကူဝိတ်စီးတီး ဧပြီ ၁၈**

အီရန်နိုင်ငံ၏ နျူကလီးယား အစီ အစဉ်သည် ငြိမ်းချမ်းစွာ အသုံးပြုမည့် အစီအစဉ်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အီရန် သမ္မတဟောင်း ရပ်ဖ်ဆန်ဂျာနီက တနင်္ဂနွေနေ့တွင် အခိုင်အမာပြောကြား လိုက်သည်။

မိမိတို့သည် ဒေသတစ်ခုလုံးအတွက် ဆောင်ရွက်ပေးရန် အသင့်ရှိနေသည်ဟု အာမခံပြောကြားလိုကြောင်း စသည် ဖြင့် ကူဝိတ်လေဆိပ်သို့ နှစ်ရက်ကြာ အလည်အပတ် လာရောက်ရောက်ခြင်း ပြောကြားခြင်းဖြစ်သည်။ အီရန်နျူကလီး ယားအစီအစဉ်အပေါ် နိုင်ငံတကာ စိုးရိမ်မကင်းဖြစ်နေမှု လျော့ပါးစေရန် ရည်ရွယ်၍ ခရီးသွားရောက်ခဲ့ခြင်းဖြစ် သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရန်နိုင်ငံ တီဟီရန်မြို့တော်တွင် စစ်ရေးပြနေကြသော တပ်ဖွဲ့ဝင် များကို ဧပြီ ၁၈ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

**နိုင်ငံတကာသတင်းများ**

## ကာတာနှင့်စင်ကာပူ ဆက်ဆံရေးမြှင့်တင်မည်

**စင်ကာပူ ဧပြီ ၁၈**

စင်ကာပူနှင့် ကာတာနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးအတွက် အဆင့်မြင့်ပူးတွဲကော်မတီတစ်ရပ် တည်ထောင်ရန် သဘောတူညီခဲ့ကြကြောင်း တနင်္လာနေ့တွင် နှစ်နိုင်ငံထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်၌ ဖော်ပြ သည်။ ပူးတွဲကော်မတီ၏ ရည်ရွယ်ချက်မှာ စီးပွားရေး၊ ယဉ်ကျေးမှု၊ သိပ္ပံ၊ ပညာရေး၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍတို့တွင် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးအတွက် အခြေခံစနစ်ချမှတ်ပေးရန် ဖြစ်ကြောင်း ကြေညာချက် တွင် ဖော်ပြသည်။

အဆိုပါ ကော်မတီကို စင်ကာပူဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဝေါင်ကန်စင်နှင့် ကာတာနိုင်ငံ ဘုရင့် အရိုက်အရာဆက်ခံဖွယ်ရှိသူ ရှိတ်တာမင်ဘင်ဟာမက်အယ်လ်သာနီတို့က ဦးဆောင်ကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## ပြင်သစ်စစ်ရဟတ်ယာဉ်ပျက်ကျ လူသုံးဦးသေဆုံး

**တူးလုစ်(ပြင်သစ်) ဧပြီ ၁၉**

ပြင်သစ်စစ်ဘက်ဝန်ထမ်းများ စီးနင်း လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်း သည် ပြင်သစ်နိုင်ငံ တောင်ပိုင်း ဟော်တီ ပိုင်ရီနီးစ်ဒေသတွင် အင်္ဂါနေ့က ပျက်ကျ ခဲ့သဖြင့် စစ်ဘက်ဝန်ထမ်းသုံးဦး သေဆုံး ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင် များက ပြောကြားသည်။

ပိုင်ရီနီဘက်တလန်တစ် ဒေသမှ အမှတ်(၅)တိုက်ခိုက်ရေးတပ်ရင်းမှ ပူးမားအမည်ရှိ ရဟတ်ယာဉ်သည် တောင်တန်းဒေသတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

အဆိုပါရဟတ်ယာဉ်သည် ပစ္စည်း ပစ္စယများနှင့် လူများကို သယ်ယူ ပို့ဆောင်ရာတွင် အသုံးပြုသည့် ကြိုးကို တိုက်မိပြီး ပျက်ကျဖွယ်ရှိသည်ဟု အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ် များက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ဂျပန် မိုးလေဝသဂြိုဟ်တုနည်းပညာချွတ်ယွင်းမှုဖြစ်ပေါ်

**တိုကျို ဧပြီ ၁၈**

ဂျပန်နိုင်ငံ၏ ဟိမာဝါရီ-၆ မိုးလေဝသဂြိုဟ်တုသည် ဧပြီ ၁၇ ရက် နံနက် ပိုင်းမှစတင်၍ လုပ်ငန်းများမဆောင်ရွက်နိုင်ဘဲရှိကြောင်း၊ အဆိုပါဂြိုဟ်တု၏ ကွန်ပျူတာစနစ် နည်းပညာချွတ်ယွင်းမှုကြောင့်ဖြစ်ရကြောင်း ကျိုဒိုသတင်း ဌာနက ဖော်ပြခဲ့သည်။

ဧပြီ ၁၇ရက် နံနက် ၁ နာရီခန့်မှစ၍ ထိုဂြိုဟ်တုတွင် ပြဿနာပေါ်ပေါက် ခဲ့ကြောင်း၊ ဂြိုဟ်တု၏ တည်နေရာထိန်းချုပ်မှုနှင့် မိုးလေဝသ လေ့လာချက် ပုံရိပ်များကို ပေးပို့ရာတွင် ချွတ်ယွင်းမှုရှိခဲ့ကြောင်း ဂျပန် မိုးလေဝသအဖွဲ့က ပြောကြားသည်။ အဆိုပါဂြိုဟ်တု၏ ပုံမှန်တည်နေရာ ကို နံနက် ၅ နာရီခန့်တွင် ပြန်လည်ပြင်ဆင်တည့်မတ်ပေးခဲ့သော်လည်း ဂြိုဟ်တု၏လုပ်ဆောင်ချက်များမှာ ပြန်လည်ကောင်းမွန်လာခြင်းမရှိကြောင်း သိရသည်။ လက်ရှိတွင် မိုးလေဝသ အချက်အလက်များရရှိရန် အမေရိကန်ဂြိုဟ်တုကို အားကိုးအားထားပြုနေ ရကြောင်း၊ ထိုဂြိုဟ်တုမှ လုပ်ငန်းများကို ယခင်နှစ် ဇွန်လမှ စတင်လွှတ်တင်ခဲ့ ကြောင်း၊ ယခုချိန်တွင် ဂြိုဟ်တုချွတ်ယွင်းမှုသည် အဆိုးရွားဆုံးဖြစ်ကြောင်း အဆိုပါမိုးလေဝသဌာနက ပြောကြားခဲ့သည်။ ယမန်နှစ် စက်တင်ဘာလတွင် အဆိုပါဂြိုဟ်တုသည် ဆက်သွယ်ရေးစနစ် ချွတ်ယွင်းမှုကြောင့် ခြောက်နာရီ ကြာမျှ လုပ်ငန်းများ ခေတ္တခဏရပ်ဆိုင်းသွားခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




**အမေရိကန်နိုင်ငံ ဘော်စတွန်တွင် ကျင်းပသည့် မသန်မစွမ်းသူများ မာရသွန်ပြိုင်ပွဲ၌ ဆွဇ်ဇာလန်မှ အားကစားသမား အီဒစ်ဟန်ကီလာ ပန်းဝင်လာသည်ကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# လူမှုဝန်ထမ်းဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား ယူနီဆက်ဌာနေကိုယ်စားလှယ် တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် ဧပြီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့်UNICEFဌာနေကိုယ်စားလှယ် Ms. Corroll C. Long သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အမှတ်(၄၁၆)မဟာဗန္ဓုလလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် UNICEF ဌာနေကိုယ်စားလှယ် Ms. Corroll C. Long လာရောက်တွေ့ဆုံစဉ်။**

(ပြည်သူ့အင်အားဦးစီးဌာန)

# ဂျေအိုင်စီအေနှင့် အာဆီယံနိုင်ငံများအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး ပဉ္စမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

ရန်ကုန် ဧပြီ ၁၉

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပဉ္စမအကြိမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nobutake Odano၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ JICAကိုယ်စားလှယ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ JICAဌာနချုပ်ရုံးမှ အဆင့်မြင့် ပုဂ္ဂိုလ်များ၊ ပါဝင်ဆွေးနွေးကြမည့် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံနှင့် အရှေ့တီမောနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Nobutake Odano က အမှာစကားပြောကြားပြီး အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပဉ္စမအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အဆိုပါအစည်းအဝေးကို ဧပြီ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပဉ္စမအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## မင်္ဂလာဗျူဟာသွေးလှူပွဲ

**ရန်ကုန် ဧပြီ ၁၉**

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၈၂)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဧပြီ၂၃ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သွေးလှူလိုသူများသည် ဧပြီ ၂၂ရက်(စနေနေ့)တွင် အသင်းချုပ်သို့လာရောက်သတင်းပေးပို့ရန် နှိုးဆော်ထားပြီး ငွေနှင့်ပစ္စည်းအလှူရှင်များကို ဖိတ်ကြားထားသည်ဟု သိရသည်။

(၂၃)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အင်းဝလမ်းနေ နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဦးငြိမ်းမောင်အား ရည်စူး၍ ဒေါ်ခင်မမငြိမ်းနှင့် သားသမီးမြေးတစ်စုက ငွေကျပ် ၂၀၀၀၀၀ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုး ရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင် ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

**လမ်းလျှောက်ခြင်းသည်**

**၁။ သွေးတိုးကျစေသည်။**
**၂။ နှလုံးရောဂါကို ကာကွယ်နိုင်သည်။**
**၃။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။**
**၄။ အရိုးများကြံ့ခိုင် သန်စွမ်းစေသည်။**
**၅။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။**
**၆။ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေသည်။**
**၇။ သွေးအတွင်းမှ အဆီကျစေသည်။**
**၈။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။**
**၉။ အသက်အရွယ်မရွေး/လူတန်းစားမရွေး ဆောင်ရွက်နိုင်သည်။**

ရောဂါဘယများကင်း၍ အသက်ရှည် ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ

**၁၉-၄-၂၀၀၆**

**မင်းဘူး၊ မကွေးနှင့် အောင်လံ**

၄၀ ဒီဂရီစင်တီဂရိတ်

(၁၀၄ ဒီဂရီဖာရင်ဟိုက်)



**မဟာသင်္ကြန်အတက်နေ့က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဗဟိုသင်္ကြန်ဆုပေးမဏ္ဍပ် ဆုပေးပွဲနှင့်ပိတ်ပွဲ အခမ်းအနားကို ဗဟိုမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက ယိမ်းပြိုင်ပွဲတွင် ပထမဆုရ (၁၉)ရပ်ကွက်ကိုယ်စားပြု ပိတောက် ရွှေစင်ယိမ်းအဖွဲ့အား ဆုဖလားနှင့်ငွေသားကျပ် တစ်သိန်း ငါးသောင်း ချီးမြှင့် ပေးအပ်စဉ်။**

(၄၉)

# ကြေးမုံ The Mirror အင်တာနက်ဓာတ်ပုံနှင့် သတင်းများ

## ဒုတိယကမ္ဘာစစ်မှ စစ်သားဟောင်းကြီး ဂျပန်သို့ပြန်လည်ရောက်ရှိ



ဒုတိယကမ္ဘာစစ်အပြီး နှစ်ပေါင်း ၆၀ကျော်ကြာ ရုရှားနိုင်ငံ အရှေ့ဖျားဒေသတွင် ကျန်ရစ်နေသည့် ဂျပန်ဘုရင့်တပ်ဖွဲ့ဝင် စစ်သားဟောင်းကြီး အီရှိနိုဆူကီ အူဝါနို ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိရာ တိုကျို အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဧပြီ ၁၉ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## ဗြိတိန်ရှိ ပြင်သစ်ပိုင် ကားထုတ်လုပ်ရေးစက်ရုံ ပိတ်ရန်စီစဉ် အလုပ်သမား ၂၃၀၀ အလုပ်လက်မဲ့ဖြစ်နိုင်ဟုဆို

လန်ဒန် ဧပြီ ၁၉

**အင်္ဂလန်နိုင်ငံ အလယ်ပိုင်းရှိ ပြင်သစ်ပိုင် ကားထုတ်လုပ်ရေးစက်ရုံကို ပိတ်ပစ်ရန် စီစဉ်လျက်ရှိသည့်အတွက် မူလကပင်ကျဆင်းလာသော ဗြိတိန်ကားထုတ်လုပ်ရေးလုပ်ငန်းမှာ အထိနာရပြီး အလုပ်သမား ၂၃၀၀တို့မှာ ထုတ်ပယ်ခံရမည့် အခြေအနေရှိကြောင်း ပီအက်စ်အေ ပီကော့ဆီထရွန် ပြင်သစ်ကားထုတ်လုပ်ရေးကုမ္ပဏီက ဧပြီ ၁၈ရက်တွင် ပြောကြားသည်။**

### ရောင်းအားကျ

အဆိုပါကားထုတ်လုပ်ရေးကုမ္ပဏီသည် ကမ္ဘာတွင် နံပါတ်ခြောက်အဆင့်ရှိ အကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်သည်။ ကိုဖန်ထရိုင်ဒေသအနီး တည်ဆောက်လုပ်ကိုင်လျက်ရှိသော ရိုင်တွန်ကားထုတ်လုပ်ရေးစက်ရုံသည် ကုန်ကျစရိတ် မြင့်မားလာသည့်အတွက် ရေရှည်ရင်နှီးမြှုပ်နှံရန် မဖြစ်နိုင်တော့ကြောင်း၊ ဥရောပ အနောက်ပိုင်းရှိ အဓိကကားဈေးကွက်များတွင် ပြိုင်ဆိုင်ရောင်းချမှု ပြင်းထန်လာ၍ ရောင်းအား ကျဆင်းလျက်ရှိကြောင်း ထိုကုမ္ပဏီက ဆိုသည်။

### ထောက်ပံ့ကြေး

ဗြိတိန် ကားစက်ရုံ ပိတ်မည့်အကြောင်းကို ကုန်သွယ်ရေးအဖွဲ့သို့ အကြံဉာဏ် ရယူမည်ဖြစ်ကြောင်း၊ ထိုကုမ္ပဏီမှ ဝန်ထမ်းများကို ထောက်ပံ့ကြေးများပေးပြီး အခြားလုပ်ငန်းတွင် အလုပ်အကိုင် ရရှိရန်လည်း ကူညီပေးမည်ဖြစ်ကြောင်း ပီကော့ကုမ္ပဏီက ပြောကြားခဲ့သည်။

### နစ်နာမည်

အဆိုပါ ရိုင်တွန်ကားထုတ်လုပ်ရေးစက်ရုံ ပိတ်လိုက်ခြင်းသည် ဗြိတိန်နိုင်ငံ၏ ကားထုတ်လုပ်ရေးလုပ်ငန်းတွင် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေမည်ဖြစ်သည်။

### ယှဉ်ပြိုင်ရောင်းချ

ထိုကုမ္ပဏီပိတ်ရခြင်းမှာ ပြည်ပကားထုတ်လုပ်ရေး ကုမ္ပဏီများသည် ဈေးကွက်တွင်း၌ ဈေးနှုန်းသက်သာစွာ ထုတ်လုပ်သော ကားများသွင်းလာပြီး ယှဉ်ပြိုင်ရောင်းကြသည့် ကိစ္စနှင့် ပတ်သက်မှုရှိကြောင်း ဖော်ပြခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ***



**ဗြိတိန်နိုင်ငံဈေးကွက်သို့ ဝင်ရောက်လာသော ကားများကို ဆိပ်ကမ်းတွင် တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အရှေ့တောင်အာရှဒေသအတွင်း တိရစ္ဆာန်များ မှောင်ခိုခိုးထုတ်မှု တားဆီးရန် သုံးနိုင်ငံကြိုးပမ်းမည်

**ဗန်ကောက် ဧပြီ ၁၉**

အရှေ့တောင်အာရှဒေသအတွင်း မျိုးသုဉ်းတော့မည့် တိရစ္ဆာန်များနှင့် အခြားရှားပါးတိရစ္ဆာန်များကို တစ်နေရာမှ တစ်နေရာသို့ မှောင်ခိုသယ်ဆောင်မှုများ ဖြစ်ပွားလျက်ရှိရာ တိရစ္ဆာန်အရှင်နှင့် ပစ္စည်းများကုန်သွယ်မှုကို တားဆီးနိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းရန် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

### ပြုစုစောင့်ရှောက်

ယခုအခါ ပတ်ဝန်းကျင်နိုင်ငံရှိ မုတ်သုံသစ်တောများအတွင်းမှ ရှားပါးတိရစ္ဆာန်များကို မှောင်ခိုသယ်ဆောင်လျက်ရှိကြရာ အချို့ကို ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိခဲ့သည်။ ထိုတိရစ္ဆာန်များအနက် ကောင်ရေ ၅၀ခန့်ကို ထိုင်းနိုင်ငံ ဗန်ကောက်တိရစ္ဆာန်ရုံတွင် ထိန်းသိမ်းထားကာ ပြုစုစောင့်ရှောက်ထားသည်။

### ရှားပါးတိရစ္ဆာန်

သုံးနိုင်ငံအစည်းအဝေးအပြီးတွင် ရှားပါးတိရစ္ဆာန်များ မှောင်ခိုသယ်ဆောင်မှုကိစ္စကို ပူးပေါင်းတားဆီးသွားရန် သဘောတူညီခဲ့ကြကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်၍ အသိပေးသွားခဲ့သည်။

***အင်တာနက်***



**တိရစ္ဆာန်မှောင်ခိုမှုနှင့် ပတ်သက်၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အူရန်ဂူတန် မျောက်ဝံတစ်ကောင်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ မူလတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘ အမှူးပြု၍ မြို့မိမြို့ဖများနှင့် ဆေးရေးရပ် အရန်မီးသတ်တပ်ဖွဲ့များမှ ဦးစီးကျင်းပသော (၃၅)ကြိမ်မြောက် ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုပွဲအခမ်းအနားကို ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) နံနက်ပိုင်းတွင် အရန်မီးသတ်တပ်ဖွဲ့တပ်စု(၄) ဆေးရုံလမ်းတို ဆေးရေးရပ် အောင်မင်္ဂလာဈေးအနီး ရှင်ပြုအသင်းကြီးဗဟိုမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်မြို့ သက်တော်ရှည် မဟာထေရ်ဆရာတော်ကြီး ၁၀ ပါးနှင့် ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆံတော်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ဝေး/ရပ်နီးမှ အလှူရှင်မိသားစုများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဟန်း၊ သာမဏေ၊ သီလရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘထံမှ ရပ်ဝေး၊ ရပ်နီး အလှူရှင်မိသားစုများနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူသည်။ ယင်းနောက် သက်တော်ရှည်မဟာထေရ်ဆရာတော်ကြီး ၁၀ပါးနှင့် ဆရာတော် သံဃာတော်များအား ရပ်ဝေး၊ ရပ်နီးအလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘက အနုမောဒနာတရားချီးမြှင့်ပြီး အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သီရိခေတ္တရာ ရှင်တစ်ထောင် အလှူတော်မင်္ဂလာပွဲကျင်းပခဲ့သည့် (၃၄)ကြိမ်မြောက်အထိ ရဟန်း ၃၆၆ ပါး၊ သာမဏေ ၄၄၄၄ ပါး၊ သီလရှင် ၆၅ ပါး စုစုပေါင်း ၄၈၇၅ ပါးတို့ကို သာသနာ့ဘောင်တွင်းသို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့ပြီး ယခုနှစ်တွင် ရဟန်း ၂၉ ပါး၊ ရှင်သာမဏေ ၇၇ ပါး၊ သီလရှင်တစ်ပါးကိုလည်း သာသနာ့ဘောင်တွင်းသို့ သွတ်သွင်းချီးမြှင့်နိုင်ခဲ့သည်။ (သတင်းစဉ်)

## အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**






## လမ်းညွှန် မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလ ခန်းမ၌ ကျောက်ဖြူ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုများအား လမ်းညွှန် မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား သူ့ရွှေရေအား လျှပ်စစ်စီမံကိန်း ရှင်းလင်း ဆောင်၌ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်သည့် လုပ်ငန်းများ ကြန့်ကြာမှုမရှိရေး၊ အချိန်မီပြီးစီးရေးအတွက် နည်းပညာအရ အချိတ်အဆက်မိမိဆောင်ရွက်

➪ ကျောဖုံးမှ

တို့မှ တာဝန်ရှိသူများသည် လုပ်ငန်း နှောင့်နှေး ကြန့်ကြာမှု မရှိစေရေး၊ လုပ်ငန်းတစ်ခုလုံး အချိန်မီ ပြီးစီးရေးတို့အတွက်နည်းပညာအရအချိတ် အဆက်မိမိ ပေါင်းစပ် ညှိနှိုင်းဆုံးဖြတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များသည် စီမံကိန်းမှ စမ်းသပ်တူးဖော်ထားသည့် ကျောက်သား နမူနာများကိုလည်းကောင်း၊ ရေလှောင်တမံ တည်ဆောက်မည့် နေရာနှင့် စက်ယန္တရားများဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

သူ့ရွှေရေအားလျှပ်စစ်စီမံကိန်းကို မဟာဓာတ်အားလိုင်းစနစ်နှင့်ဆက်စပ် တည်ဆောက်၍ ရခိုင်ပြည်နယ် အတွင်းရှိ ဒေသအသီးသီးသို့ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် ကျန် ဒေသများသို့ပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်၊ ရေလှောင်တမံတည် ဆောက်ထိန်းသိမ်း သိုလှောင်ထားခြင်း ဖြင့် ဒေသတွင်း ရေကြီးမှုကို ကာကွယ် ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဖြစ်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကျောက်ဖြူမြို့ နယ်မြေခံတပ်ရင်း သတိုးမဟာဗန္ဓုလခန်းမ၌ ပဏာမ ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း တောင်ကုတ်တပ်နယ်ခန်းမ၌ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

### ၁၀၂ မဂ္ဂါဝပ်

စီမံကိန်းအရ သူ့ရွှေချောင်း၌ အလျားပေ ၁၇၄၀၊ အမြင့်ပေ ၂၈၀ ရှိ ရေလှောင်တမံ တည်ဆောက်သွားရမည်ဖြစ်သည်။ ၃၄ မဂ္ဂါဝပ်စက် သုံးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၁၀၂ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်သည်။

### တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၂ ရက်မှ ယနေ့အထိ ရခိုင်ပြည်နယ် အတွင်းရှိ ဒေသအသီးသီးသို့ လှည့် လည် သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အား ပေး ချီးမြှင့်ကာ ယနေ့နံနက်ပိုင်းတွင် လေယာဉ်ဖြင့် သံတွဲမြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)





## သူ့ရွှေရေအားလျှပ်စစ်စီမံကိန်း

**✻ စီမံကိန်းအရ သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူ့ရွှေချောင်း၌ အလျားပေ ၁၇၄၀၊ အမြင့်ပေ ၂၈၀ ရှိ ရေလှောင်တမံ တည်ဆောက်သွားမည်။**

**✻ ၃၄ မဂ္ဂါဝပ်စက် သုံးလုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ၁၀၂ မဂ္ဂါဝပ် ထုတ်ယူရရှိမည့် စီမံကိန်းဖြစ်။**

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၂၀–၄–၂၀၀၆ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | Business Talk (ဦးမျိုးမြတ်သူ၊ ဦးငွေဝင်း၊ ဦးဘုန်းခိုင်ဝင်း) |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း) |
| ၈း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | ဖန်ချက်စက်ရုံ(သန်လျင်) |
| ၈း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၄၀ | မြန်မာ–ကိုရီးယား ချစ်ကြည်ရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် စင်တင်တေးဂီတဖျော်ဖြေပွဲ |
| ၉း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ | ပိုက်ဆက်အတတ်ပညာ (အပိုင်း–၁) |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | ပန်းပုပလာစတာ |
| ၁၀း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ | ခဲမဟုတ်တဲ့ ခဲတံ |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာသိကောင်းစရာများ (တီထွင်မှုမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်) ဆွေးနွေးခန်း |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ | ခိုင်ခံ့ပေါ့ပါးကြွေရည်သုတ် သံသပိတ်များ |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | ချစ်စရာ့ကျေးလက်ဓလေ့ နှင့် မိရိုးဖလာအိုးလုပ်ငန်း |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | ရင်သွေးငယ်များကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့ |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ(၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# ပျဉ်းမနားဘိုးဘွားရိပ်သာ ဘိုးဘွားများအား ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၉

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၁၃၆၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဘိုးဘွားများအတွက် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းအခမ်းအနားကို ဧပြီ၁၇ရက် နံနက် ၉နာရီတွင် ပျဉ်းမနား ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များ၊ ပျဉ်းမနား ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အဘိုးအဘွားများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ အဘိုးအဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးက ဘိုးဘွားများအတွက် အလှူငွေများကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဘိုးဘွားများအတွက် ဆေးဝါးများကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဆေးဝါးနှင့် ပစ္စည်းများကို လည်းကောင်း၊ တစ်ဦးချင်းအလှူရှင်ခြောက်ဦးတို့က တစ်နေ့တာ အာဟာရစရိတ်အတွက် အလှူငွေများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးက ဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။ ဘိုးဘွားများအတွက် လှူဒါန်းငွေနှင့် ဆေးဝါးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၂၂၄၀၀၀ ဖြစ်သည်။

(သတင်းစဉ်)




ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သတ္တဌာန(ဗုဒ္ဓ) ခုနစ်ဆူတည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်အဖြစ် (၁၅)ကြိမ်မြောက် ဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်ဝတ်ပွဲအခမ်းအနားကို ဧပြီ ၁၈ရက်က ယင်းကျောင်းတိုက်ကြီး၌ ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာသဘ အရှင်သူမြတ်က တရားတော်များချီးမြှင့်စဉ်။

(၅၀၆)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဘိုးဘွားများအတွက် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းအခမ်းအနားကို ပျဉ်းမနား ဘိုးဘွားရိပ်သာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

# အထက(၂)ရန်ကင်း ကျောင်းသားဟောင်းများ (၁၂)ကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန် ဧပြီ ၁၉**

အထက(၂) ရန်ကင်း (ယခင်-ကျောက်ကုန်းစိန့်မိုက်ကယ်ကျောင်း)တွင် ၁၉၅၉-၆၀မှ၁၉၇၉-၈၀နှစ်များအတွင်း ပညာသင်ယူခဲ့သော ကျောင်းသားကျောင်းသူဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်နှင့် အဆိုပါနှစ်များအတွင်း ပညာသင်ပေးခဲ့သော ဆရာဆရာမများအား (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၇ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂)ရန်ကင်း ရှေ့ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဒေါ်ခင်မမစိုးကြည်(အထက-၂၊ ရန်ကင်း) ဖုန်း-၅၆၂၉၆၇၊ ဦးမြတ်ခိုင်(ကြီးပွားရေးလမ်းညွှန်ဂျာနယ်) ဖုန်း-၂၅၃၇၄၆၊ ၀၉၉၉၂၇၀၉၈၊ ဦးရဲဝင်းကျော်-ဒေါ်သန်းသန်းအေး ဖုန်း-၅၆၁၅၆၄၊ ဦးကြည်ဝင်း-ဒေါ်လွင်မာတင် ဖုန်း-၅၆၅၀၇၇၊ ၃၈၄၃၅၄၊ ဦးတင်မောင်ညွန့်(ခင်မောင်ညွန့်ထရေးဒင်း)ဖုန်း-၀၉၈၀၃၀၅၀၈၊ ဦးထင်အောင်စော ဖုန်း-၅၇၁၉၁၆၊ ၀၉၅၁၀၅၅၄၀၊ ဦးကြည်သာ(ပွဲကြိုက်ခင်) ဖုန်း-၅၇၁၄၅၂၊ ၀၉၈၀၂၁၃၀၉ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၉

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း စီစဉ်ဆောင်ရွက်သည့် "မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ" ရေဒီယိုအစီအစဉ်ကို ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။**

ဖြေဆိုသူများအနက် ပထမဆုကို မောင်မြင့်ဆွေ(ဒလမြို့နယ်)၊ ဒုတိယဆုကိုမောင်ဇေယျာသန်းထွဋ်(ကွမ်းခြံကုန်းမြို့နယ်)၊ တတိယဆုကို မအေးသန္တာ (ဒလမြို့နယ်)၊နှစ်သိမ့်ဆုကိုမောင်အောင်မျိုးထက် (ကွမ်းခြံကုန်းမြို့နယ်) တို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများကပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ပြည်သူလူထုနှင့် လူငယ်များအတွင်း အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကူးစက်ရောဂါဆိုင်ရာ အသိပညာများကို လေ့လာလိုစိတ်ပိုမိုများပြားလာပြီး ဗဟုသုတ ပြည့်စုံကြွယ်ဝကာ မိမိနှင့် မိမိပတ်ဝန်းကျင်ရှိသူများအား အိပ်ချ်အိုင်ဗွီပိုး ကူးစက်မခံရအောင် ကာကွယ်တတ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ **"မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ"** အစီအစဉ်ကို တစ်လ၏ နောက်ဆုံးပတ် စနေနေ့ ညနေ ၅နာရီနှင့် တနင်္ဂနွေနေ့ ညနေ ၄ နာရီတို့တွင် ရေဒီယိုအစီအစဉ်မှ လစဉ်ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)



မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ ဧပြီ ၅ရက်က မုဒုံမြို့နယ် ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၂၄ဦးတို့အား လေ့လာရေးခရီး ပို့ဆောင်ပေးရာ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများကို အဘိုးအဘွားများ လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။

(မြို့နယ်ပြန်/ဆက်)



မင်္ဂလာတောင်ညွန့်မြို့နယ်ကြက်/ဘဲဈေးမိသားစုများနှင့် ဈေးတာဝန်ရှိသူများက(မဟာသင်္ကြန်အတက်နေ့)ဧပြီ ၁၆ရက်က ရေကစားသူ၊ ရေပက်ခံပြည်သူများအား ကြက်သားကြော်စတုဒိသာ ကျွေးမွေးလှူဒါန်းစဉ်။

(၃၀)

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

## ၁၉-၄-၂၀၀၆

**နမ့်စန်**
၀ ဒသမ ၉၈ လက်မ
**ကော့သောင်း**
၀ ဒသမ ၉၅ လက်မ
**သထုံ**
၀ ဒသမ ၇၁ လက်မ
**မချမ်းဘော**
၀ ဒသမ ၅၅ လက်မ
**ကျောက်ပန်းတောင်း**
၀ ဒသမ ၃၉ လက်မ
**မောင်တော**
၀ ဒသမ ၃၅ လက်မ
**ရမည်းသင်း**
၀ ဒသမ ၃၂ လက်မ

# အသက်(၇၀)အရွယ် မာရသွန်အပြေးသမားဦးတင်စိန် မူဆယ်မှ ရန်ကုန်မြို့အထိ မိုင် ၇၄၀ ခရီးစတင်

**တောင်ကြီး ဧပြီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်မှ အသက်(၇၀)အရွယ်မာရသွန်အပြေးသမား ဦးတင်စိန်(ခေါ်)အန်ကယ်ဆွိသည် မူဆယ်မှ ရန်ကုန်မြို့အထိ ခရီးရှည်ပြေးရန်အတွက် မတ်၂၉ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာမှ စတင်တာထွက်သည်။ ၎င်းသည် ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ ပြင်ဦးလွင်၊ မန္တလေး၊ ကူမဲ၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ လယ်ဝေး၊ ရေတာရှည်၊ တောင်ငူ ၊ကညွတ်ကွင်း၊ ညောင်လေးပင်၊ ပဲခူး၊ ရန်ကုန်မြို့များသို့ နေ့စဉ်တစ်နေ့လျှင် မိုင်၂၀ မှ ၂၇မိုင်အထိ ပြေးမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းသို့ ဧပြီ ၃၀ရက်တွင် ပန်းဝင်မည်ဖြစ်ကြောင်းသိရသည်။

၎င်းသည် ဧပြီ ၁၈ရက် နံနက်၇နာရီတွင် မိတ္ထီလာမြို့မှ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ပျော်ဘွယ်မြို့သို့ ဆက်လက်ထွက်ခွာကြောင်းသိရပြီး အဆိုပါခရီးစဉ်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကူညီထောက်ပံ့ငွေကျပ် ၅၀၀၀၀ချီးမြှင့်ခဲ့ကြောင်းသိရသည်။ စုစုပေါင်းခရီးရှည်မိုင်၇၄၀ရှိကြောင်းသိရသည်။ (ကြေးမုံ)

# မူးယစ်ဆန့်ကျင် အောင်ပွဲဆင်



# မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhenjiang ပြည်နယ် Hangzhou နှင့် Zhoushan မြို့များ၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့သော စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ ဆရာတော် ဒေါက်တာ ပုဏ္ဏောဘာသ၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း အမှုဆောင် ဒေါက်တာကံညွန့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကို ဧပြီ ၁၃ရက်မှ ၁၆ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

## ကြည်ညိုကြိုဆို

ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ် အဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Wang Ruiqing၊ တာဝန်ရှိသူများ၊ သီတဂူ သာသနာပြုအဖွဲ့နှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတို့မှ တာဝန်ရှိသူများ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြည်ညိုကြိုဆို နှုတ်ဆက်ကြသည်။

**ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံသို့ တက်ရောက်ခဲ့သော စစ်ကိုင်းတောင်ရိုး သီတဂူ ဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ (D. Litt) ဦးဆောင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြစဉ်။**

(သတင်းစဉ်)

# ပြည်နယ်နှင့် တိုင်း လူငယ်ဘောလုံးပြိုင်ပွဲဖွင့်

**ရန်ကုန် ဧပြီ ၁၉**

၂၀၀၆ ခုနှစ် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၃) နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်း လူငယ်ဘောလုံးအသင်းများက အားကစား သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြသည်။

ပြိုင်ပွဲကို ဧပြီ ၁၉ရက်မှ မေ ၁ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပွဲဦးထွက်အဖြစ် ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)



**တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သာသနာ့နယ်မြေ (၁)ဝိုင်း သာသနာ့ရက္ခိတ ဘုန်းတော်ကြီးသင်ကျောင်းတွင် မိဘမဲ့ကလေးငယ်များအတွက် အလှူငွေကျပ်သိန်း ၂၀ကို ဧပြီ ၈ရက်က လှူဒါန်းရာ အလှူရှင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ ဦးဗစ်တာလင်း၊ ဇနီး ဇူဇန်၊ သမီး လဗင်ဒါ၊ ဦးထွန်းဝင်းထွန်းနှင့် ဇနီး ဒေါ်နှင်းဝတ်ရည်၊ သမီး ရှင်းသန့်သန့်ဦး၊ စိုင်းထင်လင်းသောင်းတို့ကိုယ်စား အဆိုတော် Rဇာနည်နှင့် ဇနီး၊ အလှူရှင်များ၏ မိဘဆွေမျိုးတို့က ဆရာတော် ဦးဇောတိကထံ ဆက်ကပ် လှူဒါန်းစဉ်။**

(၆၄)



# သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ကျင်းပ

ရန်ကုန် ဧပြီ ၁၉

**ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့၊ ဧပြီ ၁၇ ရက် နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင် ဘိုးဘွားရိပ်သာ၌ကျင်းပသည်။**

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်(၁၄)မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများနှင့် တက်ရောက်လာကြသူများက ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆုတောင်းပြည့် အောင်စေတီ ပဏ္ဍိတာရာမ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ကေလာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ **(အပေါ်ပုံ)** နှင့် ဘိုးဘွားများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိသတ်များက ပရိတ်တရားတော်များ နာယူကြသည်။

### အမျှပေးဝေ

ယင်းနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ခရိုင်အတွင်းရှိ မြို့နယ် (၁၄)မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ဘိုးဘွားများအား ခေါင်းလျှော် ရေချိုးပေးခြင်း၊ ခြေသည်း လက်သည်းလှီးဖြတ်ပေးခြင်း၊ ကျန်းမာရေး ဆေးစစ်ပေးခြင်း စသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပေးကြသည်။

ဆက်လက်၍ ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်၊ ခရိုင်အတွင်းရှိ မြို့နယ်(၁၄)မြို့နယ်မှ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုး ၂၂ဦး၊ အဘွား၇၀ စုစုပေါင်းဘိုးဘွား ၉၂ဦးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ပူဇော်ကန်တော့ကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ရွှေသံလွင်ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်တစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်က အလှူငွေကျပ်သုံးသိန်း၊ ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး မိသားစုက ငွေကျပ် နှစ်သိန်းနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ကန်တော့ခံ ဘိုးဘွားများ ကိုယ်စား အဘွားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၄-၂၀၀၆ (ကြာသပတေးနေ့)

### နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

### ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၉။ မျိုးချစ်တပ်မတော်
- ၅:၂၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၃၀ ၁၁။ ခါသကြန်အဆိုအကများ
- ၅:၄၅ ၁၂။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၅။ မိုးလေဝသသတင်း
- ၆:၂၅ ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၁၈)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားစီရင်ထုံး (အပိုင်း-၂၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်(၃)နှစ်မှ (၁၄)နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များ အသက်ဆုံးပါးရသည်အထိ ဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင်ပေါက်ပွားသော ခြင်ပုန်း၊ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

**သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်**

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ရေအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့်ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့ စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။
(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။
(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။
(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။
(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။
(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။ လိုအပ်ပါက စည်ပင်သာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန်ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ



ပြင်ဦးလွင် တပ်နယ်မှူးနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီထွန်း ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသွားသော သစ်တောရေးရာအသင်းအား (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလားဆုကို ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အသင်း)

## (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ မင်းနိုင်နှင့် အသင်းလိုက်တွင် သစ်တော ပထမရရှိ

**ရန်ကုန် ဧပြီ ၁၉**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ပြင်ဦးလွင် ဂေါက်ကလပ်တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော (၄၈)ကြိမ်မြောက် သင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (The 48th Thingyan Gold Cup Golf Championship 2006) ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင် ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပရာ ပြင်ဦးလွင် တပ်နယ်မှူးနှင့် စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီထွန်းက Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၆ချက်ဖြင့် ပထမရရှိသော မင်းနိုင် (Srixon)၊ စုစုပေါင်း ၂၈၉ ချက်ဖြင့် ဒုတိယရရှိသော အောင်ဆန်းဝင်း(Srixon)နှင့် စုစုပေါင်း ၂၉၁ချက်ဖြင့် တတိယရရှိသော ဇော်ဇော်လတ် (Srixon) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGAနှင့် MGF အမှုဆောင် ဦးကိုကိုလေးက Amateur ပြိုင်ပွဲတွင် စုစုပေါင်း ၂၈၈ ချက်ဖြင့် ပထမရရှိသော အောင်ဝင်း (သစ်တောရေးရာ)၊ စုစုပေါင်း ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်း (YGN)နှင့် စုစုပေါင်း ၃၀၅ချက်ဖြင့် တတိယရရှိသော ဘိုဘို (YCDC) တို့အား လည်းကောင်း၊ KM Golf Centre မန်နေဂျင်း ဒါရိုက်တာ ဦးမောင်မောင်မြင့်က ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော သန်းနိုင်ဦး (သစ်တောရေးရာ)နှင့် ဒုတိယရရှိသော ဝင်းထွန်းသိန်း (အကောက်ခွန်) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြင်ဦးလွင် တပ်နယ်မှူးနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီထွန်းက ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၄၅၃ချက်ဖြင့် ပထမရရှိသော Captain ဦးသိန်းမြင့် ခေါင်းဆောင်သည့် သစ်တောရေးရာအသင်းနှင့် စုစုပေါင်း ၄၅၅ချက်ဖြင့် ဒုတိယရရှိသော Captain ဦးမောင်မောင်မြင့် ခေါင်းဆောင်သော K.M အသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်နည်းပညာ တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဇော်မြင့်က ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော စိုင်းခင်ဇော်(ပြင်ဦးလွင်)နှင့် တင်ထွဋ် (ပြင်ဦးလွင်)တို့အား လည်းကောင်း၊ တပ်မတော်အုပ်ချုပ်မှုကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးဇာနည်ဝင်းက ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၄၉၆ချက်ဖြင့် ပထမရရှိသော Captain ဦးအောင်ဝင်း ခေါင်းဆောင်သော မုံရွာအသင်းနှင့် စုစုပေါင်း ၄၉၆ ချက်ဖြင့် ဒုတိယရရှိသော Captain ဒုတိယဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော ပြင်ဦးလွင်(ခ) အသင်းတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တပ်မတော် နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ၅၀၆ ချက်ဖြင့် ပထမရရှိသော Captain ဦးနေမျိုးသောင်းခေါင်းဆောင်သောအကောက်ခွန်အသင်း၊ စုစုပေါင်း ၅၀၇ချက်ဖြင့် ဒုတိယရရှိသော ဦးစိုးနိုင် ခေါင်းဆောင်သော ပြင်ဦးလွင် အသင်းတို့အားလည်းကောင်း၊ Professional Golfers ပြိုင်ပွဲ၌ ၃၂ချက်ဖြင့် အကောင်းဆုံး ရိုက်ချက် စံချိန်ဆုရရှိသော မင်းနိုင် (Srixon)၊ Daily Best ရရှိကြသူများနှင့် Amateur ပြိုင်ပွဲတွင် Daily Best ရရှိကြသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲ၏ Co-Sponsors များ အဖြစ် Air Bagan Ltd.၊ K.M Co., Ltd.၊ Mandalay Golf Association၊ A.K Group၊ KBZ Bank၊ Srixon၊ M. K Fashion Shop၊ Hotel Pyin Oo Lwin နှင့် Pyin Oo Lwin Golf Club တို့က အသီးသီး ပါဝင်ကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Pyin Oo Lwin Golf Club နှင့် Han Event Management တို့က တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

(သတင်းစဉ်)

## ချန်ပီယံလိဂ် ပထမအကျော့အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစား ဘာစီလိုနာက အိမ်ရှင် မီလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်

**စန်စီရို ဧပြီ ၁၈**

ချန်ပီယံလိဂ်ဖလားပွဲ ပထမအကျော့ အကြိုဗိုလ်လုပွဲအဖြစ် ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့ ဧပြီ ၁၈ရက်က ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက ပြိုင်ဘက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည့်အတွက် ဗိုလ်လုပွဲဆီသို့ ခြေတစ်ဖက်ချခွင့်ရသွားပြီဖြစ်သည်။

ဘာစီလိုနာအသင်းမှ နာမည်ကြီးဘောလုံးသမား ရော်နယ်ဒင်ဟို အံကျချပေးလိုက်သော ဘောလုံးကို ရှေ့တန်းကစားသမား လူနီဗစ်ဂူလီက မနားတမ်းကန်သွင်းလိုက်ရာ အေစီမီလန် ဂိုးသမား ဒီဒါ မည်သို့မျှမကာကွယ်နိုင်ဘဲ ဂိုးပေးလိုက်ရသည်။ ထိုတစ်လုံးတည်းသောဂိုးဖြင့် ဧည့်သည် ဘာစီလိုနာအသင်းက အိမ်ရှင်အသင်းကို အနိုင်ရရှိသွားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယနေ့ပွဲတွင် ဂိုးရခွင့်နှစ်ကြိမ်ကြုံခဲ့သေးသည်။ ဂူလီကန်သွင်းလိုက်သော ဘောလုံးကို ဂိုးသမား ဒီဒါက မိသွားသည်။ ဂိုးရခွင့်နောက်တစ်ကြိမ်၌လည်း ဘောလုံးမှာ ဂိုးတိုင်ကိုထိပြီး ပြန်ထွက်သွားသည့်အတွက် ဘာစီလိုနာအသင်းသည် တစ်လုံးတည်းသောဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ပွဲမှာ အပြန်အလှန်ထိုးစစ်များသုံးကာ အရှိန်ကောင်းကောင်းဖြင့် ကစားကြသည့်အတွက် ကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်ကြောင်း သုံးသပ်ကြသည်။ မီလန်အသင်းမှ တိုက်စစ်မှူး အယ်လ်ဘာတိုဂီလာဒီနိုသည် နှစ်ကြိမ်တိုင်တိုင် အခွင့်ကောင်းရခဲ့သော်လည်း တစ်ကြိမ်မှာ ဂိုးပေါ်မှကျော်ထွက်သွားပြီး နောက်တစ်ကြိမ်တွင် ဂိုးပေါက်လွဲသွားခဲ့သည့်အတွက် ဂိုးမရဘဲဖြစ်ခဲ့ရသည်။

ယနေ့ပွဲသည်ကြည့်ကောင်းပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိကစားနိုင်သော ပွဲတစ်ပွဲဖြစ်သည်။ မီလန်အသင်း ကောင်းစွာကစားနိုင်သော်လည်း ကံခေသဖြင့် ဂိုးပေါက်နှင့်လွဲခဲ့ရသည်။ ယခုပွဲတွင် မိမိတို့အသင်း ရှုံးခဲ့ရသော်လည်း ဒုတိယအကျော့ အကြိုဗိုလ်လုပွဲတွင် မိမိအသင်း အနိုင်ရစရာ အလားအလာရှိပါသည်ဟု အေစီမီလန်အသင်း မန်နေဂျာ ကာလိုအင်စီလိုတီက ပြောကြားသွားသည်။

ရော်နယ်ဒင်ဟိုက အနေတော်ပို့ပေးလိုက်သော ဘောလုံးကို မိမိက ဘယ်ဘက်ခြမ်းမှနေ၍ ပြေးရင်းလွှားရင်း ကန်သွင်းလိုက်ရာ ဂိုးပေါက်ထဲသို့ တန်းတန်းမတ်မတ်ဝင်သွားသဖြင့် မိမိတို့ ဘာစီလိုနာအသင်း အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဂိုးကြောင့် မိမိတို့အသင်း ဗိုလ်လုပွဲသို့ ခြေတစ်ဖက်နင်းထားနိုင်သည်မှာ မှန်သော်လည်း ဘာစီလိုနာမြို့တွင် ကစားရမည့် ဒုတိယအကျော့ အကြိုဗိုလ်လုပွဲတွင် စိတ်အေးအေးနှင့် ကြိုးစားပမ်းစားကစားပါမှ စိတ်ချလက်ချ ဗိုလ်လုပွဲတက်နိုင်မည်ဖြစ်ကြောင်း ဂိုးသွင်းသူ လူနီဗစ်ဂူလီက ပြောကြားသွားသည်။ ***အင်တာနက်။***



**ဘာစီလိုနာအသင်းမှ ရော်နယ်ဒင်ဟိုနှင့် အေစီမီလန်အသင်းမှ အင်ဒရေပီယာလိုတို့ ဘောလုံးယှဉ်လုကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သီတဂူ ရေအလှူတရားပွဲများ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၉**

ဗဟန်းမြို့နယ် အရှေ့ဈေးဟောင်းလမ်း နိဗ္ဗာန်ဆော်ဆွမ်းလောင်းအသင်းမှ ကြီးမှူး၍ သီတဂူ ရေအလှူတော်တရားပွဲကိုအနောက်မြင်းပြိုင်ကွင်းလမ်း ကျိုက္ကဆံအားကစားကွင်း၌ ဧပြီ ၂၂ရက် (စနေနေ့) ည ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် အရှင်ဉာဏိဿရ (D.Litt, Ph.D)က တရားတော်များ ဟောကြားမည်ဖြစ်ပြီး သီတဂူ ရေအလှူတော်အတွက် ပါဝင်လှူဒါန်းလိုပါက ဖုန်း-၅၄၀၂၂၆၊ ၇၂၅၅၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့အတူ အဂ္ဂမဟာပဏ္ဍိတ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ ဆရာတော်၏ ရေအလှူ အထူးတရားပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် ဧပြီ ၂၄ရက် (တနင်္လာနေ့)ည ၇နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

## ဆွေးနွေးပွဲ တက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဧပြီ ၁၉**

မလေးရှားနိုင်ငံ ပီနန်မြို့၌ ဧပြီ ၂၀ ရက်မှ ၂၁ရက်အထိ ကျင်းပမည့် အာဆီယံ-တရုတ် အိုင်စီတီ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ဦးအောင်မြင့်နှင့်အတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်လင်းလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။ (သတင်းစဉ်)

## ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဒုတိယပတ် ဆက်လက်ရုံတင်ပြသ

**ရန်ကုန် ဧပြီ ၁၉**

လာမည့် သောကြာနေ့ ဧပြီ ၂၁ရက်တွင် မြန်မာနှစ်ဆန်းတစ်ရက်မှ စတင်ရုံတင်ပြသခဲ့သော **"ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ"** ဇာတ်ကား ဒုတိယပတ် ပြသမည်ဖြစ်ပြီး **"ရတနာ"** ဇာတ်ကားလည်း ဆက်လက်ပြသမည်ဖြစ်သည်။

**ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ**

ကျော်ရုပ်ရှင်ထုတ်လုပ် ဖြန့်ချိရေးမှ အကယ်ဒမီ ငြိမ်းမင်း ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ဒေါန၊ တွဲဖက်ဒါရိုက်တာ မောင်သီဟ၊ ဖိုးကျော် (သန်လျင်) တို့ ရိုက်ကူးသည့် **ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ** ဇာတ်ကားမှာ ဘဝကို ရုန်းကန်ခဲ့ရသူတစ်ဦး၏ ချစ်ကံခေခဲ့ရသော နှလုံးသားဒဏ်ရာများ၊ ချစ်သော်လည်း မဆုံဆည်းခဲ့ရသော ငယ်ချစ်တစ်ဦးနှင့်တစ်ချိန်မှာ ပြန်လည်ဆုံဆည်းခဲ့ရသည့် မိန်းမသားတစ်ဦးတို့၏ ဘဝတို့ကို ဒါရိုက်တာက ပရိသတ် ရင်မောဖွယ် ခံစားရလောက်အောင် ဖန်တီးရိုက်ကူးထားသည်။

အဆိုပါဇာတ်ကားသည် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာရုံများတွင် ပြသနေသည်။

**ရတနာဇာတ်ကား**

ရှေ့ဆောင်ရုံတွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာ အိအိခိုင် ရေးသားရိုက်ကူးပြီး ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာနှင့် ပုလဲဝင်းတို့ ပါဝင်သည့် **ရတနာ** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Stanley Tong ရိုက်ကူးပြီး နာမည်ကြီးသရုပ်ဆောင် ဂျက်ကီချန်း ပါဝင်သည့် The Myth ဇာတ်ကား ပြသမည်ဖြစ်သည်။

(ကြေးမုံ)

**ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ ဇာတ်ကားမှ အကယ်ဒမီ ရန်အောင်နှင့် အကယ်ဒမီ ထွန်းအိန္ဒြာဗိုတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။** (ကြေးမုံ)



# ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးဓမ္မသဘင် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည်
တရားနာရာ အကျိုးတည်း။ ။

**အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ ကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် နှစ်ဦးဓမ္မသဘင် အထူးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင် ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။**

| ဟောကြားမည့်ဆရာတော်ကြီးများ | ဟောကြားမည့်နေ့ရက် |
|---|---|
| သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ သာသနဒ္ဓဇ၊ ဓမ္မာစရိယ၊ဓမ္မကထိက ဗဟုဇနဟိတရေ၊သဒ္ဓမ္မဇောတိကဓဇ ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၊ တံခွန်တိုင်၊တမာတန်း၊ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ | ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၉)ရက် သောကြာနေ့ (၂၁-၄-၂၀၀၆) |
| အရှင်ဇဝန (မေတ္တာရှင်၊ ရွှေပြည်သာ) မန္တလေးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ် | ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၀)ရက် စနေနေ့ (၂၂-၄-၂၀၀၆) |
| ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) | ၁၃၆၈ ခု၊ ဦးတန်ခူးလပြည့်ကျော်(၁၁)ရက် တနင်္ဂနွေနေ့ (၂၃-၄-၂၀၀၆) |

**အထူးတရားပွဲအစီအစဉ်**

**ကျင်းပမည့်နေ့ရက်**

၁၃၆၈ ခု၊
ဦးတန်ခူးလပြည့်ကျော်(၉)ရက်နေ့မှ
(၁၁)ရက်နေ့အထိ
၂၀၀၆ ခုနှစ်၊ ဧပြီ(၂၁)ရက်နေ့မှ
(၂၃)ရက်နေ့အထိ

**ကျင်းပမည့်နေရာ**

မဟာသကျမုနိရုပ်ပွားတော်မြတ်
ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊
ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်

**ကျင်းပမည့်အချိန်**

ညစဉ်(၇:၀၀)နာရီ



ရောဝတီတိုင်း ဖျာပုံမြို့နေ ကွယ်လွန်သူ ဖခင်ကြီး ဦးသန်းမြင့်(ခ) ဦးသောင်းနှင့် မိခင်ကြီးဒေါ်တင်မြအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် ရာဇသင်္ကြန် (၆) လမ်းမှ သားသမီး မြေးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းနှစ်သောင်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ကမာရွတ်မြို့နယ် ရွှေကိန္နရီအိမ်ရာနေ အဘွား ဒေါ်ထွားကြည်နှင့် မိသားစုက အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်းနှင့် လေစုပ်ပန်ကာ ခြောက်လုံးတို့ကို လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည် လက်ခံရယူစဉ်။ (သာသနာရေး)

## ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ပွား

**ရန်ကုန် ဧပြီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ညနေ ၄နာရီခွဲက တောင်ကြီးမြို့ စူဠာမုနိပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားနှင့် ကမ္မဝါများ ရွတ်ပွားတော်မူကြရာ စာတည်းဦးနိုင်ထွန်းနှင့် ဝန်ထမ်းမိသားစုများတက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ (ကြေးမုံ)

## မဟာသရဏဂုံတော်ကြီးနှင့် အဘိဓမ္မာသင်တန်းပို့ချမည်

**ရန်ကုန် ဧပြီ ၁၉**

ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီအလယ်ပစ္စယံ အရှေ့ဘက်မုခ်အနီး ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီးတွင် ဧပြီ ၂၂ ရက် (စနေနေ့)မှ စ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီခွဲအထိ မဟာသရဏဂုံတော်ကြီးသင်တန်းနှင့် မေ ၆ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ အဘိဓမ္မာ (ရိုးရိုး)သင်တန်းတို့ကို ပို့ချမည် ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ဝိပဿနာ ကျင့်စဉ်တရားပွဲ

**ရန်ကုန် ဧပြီ ၁၉**

အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်၏ သုဒ္ဓဝိပဿနာကျင့်စဉ် အထူးတရားပွဲကို ဧပြီ ၂၀ ရက် (ကြာသပတေးနေ့)တွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်း၊ အနောက်ခြမ်း(က)ရပ်ကွက်၊ မြတ်နှင်းဖြူမင်္ဂလာခန်းမ၌ လည်းကောင်း၊ ဧပြီ ၂၃ ရက်မှ မေ ၃ ရက်အထိ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး မင်္ဂလာဈေးဓမ္မာရုံတွင်လည်းကောင်း၊ မေ ၇ ရက်မှ ၁၆ ရက်အထိ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဓမ္မာရုံတွင်လည်းကောင်း တရားအလှူပေးမည်ဖြစ်ရာ ရွှေပြည်သာမြို့နယ် မန္တလေးကျောင်းတိုက်နှင့် စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း ဓမ္မပီတိ တရားအလှူတော်ဌာန (၇)တို့က ကားကြိုပို့လှူဒါန်းမည်ဖြစ်သည်။ (က-ပ)



မော်လမြိုင်မြို့သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံအသစ်အတွက် ဧပြီ ၁၇ ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ နှစ်ဖက်သောမိဘများအားအမှူးထား၍ ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာရိပ်မွန်အိမ်ရာနေ ဦးအောင်ဌေး-ဒေါ်နွယ်နီဝင်း မိသားစုက ငွေကျပ် ခုနစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၂၅၇)



ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်နေအလှူရှင်ဒေါ်သန်းတင်၊ သမီးမအေးအေးမာမိသားစုတို့က ကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဝင် ဦးလှမင်းထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

**မီးသုံးစွဲလျှင်အသိယှဉ်၊ ဆင်ခြင်သတိ အမြဲရှိ**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်ကုတ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ပြည်ထောင်စုစိတ်ဓာတ်ကို အလေးအနက်ခံယူ၍ ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်

☆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်က အားကိုးအားထားပြုရသည့် တပ်မတော်ကောင်းဖြစ်အောင်ဆက်လက်အားထုတ်တည်ဆောက်သွားရန် လိုအပ်ပုံများ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အလေးအနက်ခံယူ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပုံများကိုရှင်းလင်း မိန့်ကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ သူငွေးချောင်းပေါ်၌ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၆)တည်ဆောက်ရေးက တာဝန်ယူ တည် ဆောက်လျက်ရှိသည့် သူငွေးရေအားလျှပ်စစ် စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိ ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းတည်ဆောက် အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းများအတွက် စူးစမ်းလေ့လာနေမှုများနှင့် ပင်မတမံတည်ဆောက် မည့် မြေနေရာရှာဖွေခဲ့မှုများ၊ ဆက်လက်ဆောင်ရွက် သွားမည့် အစီအစဉ်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရေအားလျှပ်စစ်စီမံကိန်းများနှင့် ရေလှောင်တမံ စီမံကိန်းများ ဆက်စပ်လျက်ရှိသည့် အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့ ပူးတွဲတာဝန်ယူအကောင်အထည် ဖော်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၌ ဝန်ကြီး ဌာနနှစ်ခု **စာမျက်နှာ ၈ ကော်လံ ၁ သို့** ⇨

**ကြေးမုံ**

**The Mirror**

# ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ *ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ပြ ဆက်သွယ်သည့်လမ်းများကြောင့်ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာကာ မွန်ပြည်နယ် ၁၀မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း တစ်ထောင်ကျော်မှ ကျေးလက်ပြည်သူများ၏ စီးပွားရေးနှင့်လူနေမှုဘဝများပါ တိုးတက်မြင့်မားလာလျက်ရှိသည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

❒ *သစ်ပင်တိုင်းမှာ သူ့အစိတ်အပိုင်းနဲ့သူ ဆေးဖက်ဝင်နေကြတာပါပဲ။ အန္တရာယ်ဆိုတာကတော့ ဘယ်ဆေးဖြစ်ဖြစ် တန်ဆေးလွန်ဘေးဆိုတဲ့ ခေတ်အဆက်ဆက်လက်သုံးစကား ရှိခဲ့တယ်မဟုတ်လား။ ဘယ်ရွေ့ဘယ်မျှသောက်ပါလို့ အချိန်အဆကို တတ်သိနားလည်တဲ့ ဆေးပညာရှင်က မညွှန်းဘဲနဲ့ ကိုယ်သောက်ချင်သလို စီမံသောက်မယ်ဆိုရင် သောက်တဲ့သူဟာ မျက်ကန်းတစ္ဆေမကြောက်ဆိုသလို မိမိကိုယ်ကို မညှာတာရာရောက်မှာပေါ့။*

ဒေါက်တာလွင်ကို၏ **"အသက်ရှည်စွာ အနာမဲ့ရေး(၁၄)"** ဆောင်းပါး (စာမျက်နှာ -၃)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး